

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

**HR-VA No. 106 – Driver**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| အရေအတွက် | : | (၂) ဦး |
| အစီရင်ခံတင်ပြမှု | : | လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) |
| စီမံချက်/စီမံကိန်း | : | မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုစီမံကိန်း |
| ဌာန | : | စီမံချက်လုပ်ငန်းများ စီမံခန့်ခွဲမှုယူနစ် |
| တာဝန်ကျရာနေရာ | : | နေပြည်တော်/ရန်ကုန်၊ စစ်တွေ |
| အဆင့် | : | B-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အိမ်ပြန်နားရက်ခံစားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်၊ (၁၆:၃၀)နာရီ |

### စီမံချက်(သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း

၂၀၁၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရခိုင်ပြည်နယ်အတွင်းမှ လူမျိုးစုပဋိပက္ခများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအား နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်းအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် အခြားမိတ်ဖက် (အမျိုးသားကြက်ခြေနီအသင်း)များဖြင့် ချက်ခြင်း/ ရေတို/ ရေရှည်စီမံချက်များဖြင့် ထောက်ပံ့ကာကူညီဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြို့နယ်ကြက်ခြေနီအသင်းခွဲ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ပေါက်တော၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင် နှင့် ရသေ့တောင်မြို့နယ်တို့တွင် ကနဦးဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် စီမံချက်လုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်အား ထူထောင်ပြီးနောက်၊ စစ်တွေရုံးခွဲ၊ မောင်တောရုံးခွဲ၊ ပလက်ဝရုံးခွဲနှင့် ပခုက္ကူရုံးခွဲဟူ၍ ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ကာ လူထုကြံ့ခိုင်စွမ်းမြှင့်တင်ရေး စီမံချက်၊ အရေးပေါ်(ပဋိပက္ခနှင့် ဘေးအန္တရာယ်)တုန့်ပြန်ရေးစီမံကိန်း၊ ပြန်လည်အသက်ရှင်ရပ်တည်ရေးနှင့် ပမာဏကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအား ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊

"Person with disability are encouraged to apply this post as they will be given equal opportunity"
"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"
*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

မကွေးတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လုပ်ဆောင်နေပါသည်။ ၎င်းစီမံချက်လုပ်ငန်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း၊ လုပ်ငန်းခွင်သင်တန်းနှင့် အသိပညာဖြန့်ဝေတည်ဆောက်ခြင်း စသည့်လုပ်ငန်းများအား ကျေးရွာလူထုနှင့်ထိတွေ့ဆက်ဆံ၍ လုပ်ဆောင်နေပါသည်။

**စီမံချက်နောက်ခံအခြေအနေ** - မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ယခုအခါတွင် အရေးပေါ်ပဋိပက္ခနှင့် ရှုပ်ထွေးမှုများကြောင့် ထိခိုက်ခံစားနေရသည့် လူဦးရေတို့အား တုန့်ပြန်ကူညီဆောင်ရွက်ပေးနေပါသည်။ ၎င်းအရေးပေါ်တုန့်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ရွေးချယ်ထားသည့်နေရာဒေသများဖြစ်သော ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေး တို့တွင်လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံကိန်းလုပ်ငန်းများစီမံခန့်ခွဲမှုယူနစ်သည် စီစဉ်ဆောင်ရွက်နေပါသည်။

## ရည်ရွယ်ချက်

ယာဉ်မောင်းဝန်ထမ်းသည် ဝန်ထမ်းများနှင့် အသင်းပိုင်ပစ္စည်းများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျ လုံခြုံစွာ သယ်ယူပို့ဆောင်ပေးရန်ဖြစ်သည်။

## <u>တာဝန်နှင့်ဝတ္တရားများ</u>

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးထားသောအသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်း စည်းကမ်းများစာအုပ်ပါ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရမည်။

၂။ ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား ညွှန်ကြားချက်နှင့်အညီ စနစ်တကျလုံခြုံစွာ သယ်ယူပို့ဆောင်ပေးနိုင်ရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းပိုင်မော်တော်ယာဉ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်းစွာ ပြုပြင်ထိန်းသိမ်းမောင်းနှင်နိုင်ရမည်။

၄။ မော်တော်ယာဉ်ကို စနစ်တကျလုံခြုံမှုရှိစွာ သုံးစွဲကြောင်းတာဝန်ယူရန်နှင့် ထုတ်ပေးထားသော ယာဉ်ပြင်ကိရိယာများ(ဂျိုင်းထောင့်၊ စက်ပြင်ကိရိယာ..စသည့်) တို့ကို စနစ်တကျ အသုံးပြုရမည်။

၅။ မော်တော်ယာဉ်ပြင်ဆင်မှုမှတ်တမ်းများ၊ မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းများ စက်သုံးဆီသုံးစွဲမှု မှတ်တမ်း (Work Ticket) တို့အား မော်တော်ယာဉ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ထိန်းသိမ်း ဖြည့်စွက်နိုင်သူဖြစ်ရမည်။

၆။ ရုံးစည်းကမ်းပါ အလုပ်ချိန်သတ်မှတ်ချက်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည်။

၇။ လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုဆက်လက်ထမ်းဆောင်ရန် လိုအပ်ပါက ဆောင်ရွက်နိုင်ရမည်။

၈။ မော်တော်ယာဉ်အား စနစ်တကျ သန့်ရှင်းစွာထားရှိရမည်။

၉။ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိပြီး လိုက်နာဆောင်ရွက်ရမည်။

၁၀။ မော်တော်ယာဉ်အကြောင်း ကောင်းစွာနားလည်ပြီး နယ်မြေလမ်းကြောင်းအခြေအနေ ပေါ်မူတည်၍ ကောင်းမွန်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။

၁၁။ ယာဉ်ပြင်ကိရိယာအကြောင်း ကောင်းစွာနားလည် အသုံးပြုနိုင်သူဖြစ်ရမည်။

၁၂။ မော်တော်ယာဉ်နှင့်ပတ်သက်သော အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၁၃။ မိမိတာဝန်ယူရသည့် မော်တော်ယာဉ်ကို နေ့စဉ်မော်တော်ယာဉ် စစ်ဆေးမှုအတွက် သတ်မှတ်ထားသော ပုံစံပါအချက်များအတိုင်း စစ်ဆေးရမည်၊ စစ်ဆေးရန် တာဝန်ပေးပါကလည်း အလားတူဆောင်ရွက်ပေးရမည်။

## <u>လိုအပ်သောအရည်အချင်းများ</u>

- လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရမည်။
- အရက်သေစာနှင့် မူးယစ်စေတတ်သောအရာများ မသုံးစွဲသူ ဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်း ကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျည်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လို စိတ်ရှိသူဖြစ်ရမည်။
- ကြက်ခြေနီနှင့်လခြမ်းနီလူမှုကရုဏာလှုပ်ရှားမှုများတွင် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-**

| | |
|---|---|
| မြန်မာနိုင်ငံကြက်ခြေနီအသင်း | မြန်မာနိုင်ငံကြက်ခြေနီအသင်း |
| ရုံးချုပ် | ရုံးခွဲ |
| ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ | အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊ |
| နေပြည်တော်။ | ရန်ကုန်။ |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm

တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*